

Form (2)

No. 273-D
26th 8-2016

THE REPUBLIC OF THE UNION OF MYANMAR

The Myanmar Investment Commission

PERMIT

Permit No. 1107 / 2016 Date 26th, March 2016

This Permit is issued by the Myanmar Investment Commission according to the section 13 (b) of the Republic of the Union of Myanmar Foreign Investment Law-

(a) Name of Investor/Promoter MR.KITTITOUCH PATTANAKITTIPONG

(b) Citizenship THAILAND

(c) Address 50/1 VILLAGE NO.2, SAI NOI-BANG BUA THONG ROAD, SAI NOI SUB-DISTRICT, SAI NOI DISTRICT, NONTHABURI PROVINCE, THAILAND

(d) Name and Address of Principal Organization EAST-WEST INTERNATIONAL B.V., HEILIGEWEG 18, 1601 PN, ENKHUIZEN, THE NETHERLANDS

(e) Place of incorporation NETHERLANDS

(f) Type of Investment Business SEEDS PRODUCTION AND PROCESSING, RESEARCH AND DEVELOPMENT, MARKETING OF VEGETABLE AND FRUIT SEEDS

(g) Place(s) at which investment is permitted KWIN NO. 511-B, 519-A, NYAUNG HNAPIN VILLAGE TRACT, HMAWBI TOWNSHIP AND KWIN NO.987, KYARINN TRACT, KWIN NO.977 WEST KALIHTAW VILLAGE TRACT, HLEGU TOWNSHIP, YANGON REGION

(h) Amount of Foreign Capital US$ 6.00 MILLION

(i) Period for Foreign Capital Brought in WITHIN 5 YEARS AFTER RECEIVING MIC PERMIT

(j) Total Amount of Capital (Kyat) EQUIVALENT IN KYAT OFUS$ 6.00 MILLION

(k) Construction period 24 MONTHS

(l) Validity of Investment Permit 30 YEARS

(m) Form of Investment WHOLLY FOREIGN OWNED INVESTMENT

(n) Name of Company Incorporated in Myanmar EAST-WEST SEED (MYANMAR) COMPANY LIMITED

16/2

Chairman

The Myanmar Investment Commission



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် ၁၁၀၇ /၂၀၁၆ ၂၀၁၆ ခုနှစ် မတ်လ ၂၆ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ(ခ) အရ ဤခွင့်ပြုမိန့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ထုတ်ပေးလိုက်သည်-

(က) ရင်းနှီးမြှုပ်နှံသူ/ကမကထပြုသူ၏အမည် MR.KITTITOUCH PATTANAKITTIPONG

(ခ) နိုင်ငံသား THAILAND

(ဂ) နေရပ်လိပ်စာ 50/1 VILLAGE NO. 2, SAI NOI-BANG BUA THONG ROAD, SAI NOI SUB-DISTRICT, SAI NOI DISTRICT, NONTHABURI PROVINCE, THAILAND

(ဃ) ပင်မအဖွဲ့အစည်းအမည်နှင့်လိပ်စာ EAST-WEST INTERNATIONAL B.V., HEILIGEWEG 18, 1601 PN, ENKHUIZEN, THE NETHERLANDS

(င) ဖွဲ့စည်းရာအရပ် နယ်သာလန်နိုင်ငံ

(စ) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီး စိုက်ပျိုးရေးမျိုးစေ့များ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ) ကွင်းအမှတ်(၅၁၁-ခ)(၅၁၉-က)၊ ညောင်နှစ်ပင် ကျေးရွာအုပ်စု၊ မှော်ဘီမြို့နယ် နှင့် ကွင်းအမှတ်(၉၈၇)၊ ကြာအင်းအုပ်စု၊ ကွင်းအမှတ် (၉၇၇)၊ ကလီထော် အနောက်ကျေးရွာအုပ်စု၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး

(ဇ) နိုင်ငံခြားမတည်ငွေရင်းပမာဏ အမေရိကန်ဒေါ်လာ ၆.၀၀ သန်း

(ဈ) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ ကော်မရှင်ခွင့်ပြုမိန့်ရရှိသည့် နေ့မှ ၅ နှစ်အတွင်း

(ည) စုစုပေါင်းမတည်ငွေရင်းပမာဏ(ကျပ်) အမေရိကန်ဒေါ်လာ ၆.၀၀ သန်းနှင့် ညီမျှသော မြန်မာကျပ်ငွေ

(ဋ) တည်ဆောက်မှုကာလ ၂၄ လ အတွင်း

(ဌ) ရင်းနှီးမြှုပ်နှံမှုခွင့်ပြုသည့် သက်တမ်း ၃၀ နှစ်

(ဍ) ရင်းနှီးမြှုပ်နှံမှုပုံစံ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

(ဎ) မြန်မာနိုင်ငံတွင်ဖွဲ့စည်းမည့်ကုမ္ပဏီအမည် EAST-WEST SEED (MYANMAR) COMPANY LIMITED

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

THE REPUBLIC OF THE UNION OF MYANMAR

MYANMAR INVESTMENT COMMISSION

No.(1), Thitsar Road, Yankin Township, Yangon

Tel: 01-658127
Fax: 01-658136

Our ref : DICA-2/ FI- 137/ 2016(२٦३-១)
Date : 26th March 2016

Subject : Decision of the Myanmar Investment Commission on the Proposal for "Seeds Production and Processing, Research and Development, Marketing of Vegetable and Fruit Seeds" under the name of East-West Seed (Myanmar) Company Limited

Reference: East-West Seed (Myanmar) Company Limited Letter dated (27-10-2015)

1. The Myanmar Investment Commission, at its meeting (9/2016) held on (11-3-2016) had approved the proposal for investment in "Seeds Production and Processing, Research and Development, Marketing of Vegetable and Fruit Seeds" under the name of "East-West Seed (Myanmar) Company Limited" submitted as a wholly foreign owned investment by East-West Seed ROH Ltd. (99%) from the Kingdom of Thailand and East-West Seed International B.V (1%) from Netherlands.

2. Hence, the "Permit" is herewith issued in accordance with Chapter VII, section 13(b) of Foreign Investment Law and Chapter VIII, Rule 49 of the Foreign Investment Rules relating to the Republic of the Union of Myanmar Foreign Investment Law. Terms and conditions to the "Permit" are stated in the following paragraphs.

3. The permitted duration of the project shall be 30 (thirty) years and extendable for 10 (ten) years in 2 (two) times commencing from the date of the issuance of Myanmar Investment Commission's permit. The term of the Lease Agreement shall be initial 30 (thirty) years commencing from the date of signing of the Land Lease Agreement between U Htein Win, Managing Director of Shwe Poe

Kaung Trading Company Limited (Lessor) and East-West Seed (Myanmar) Company Limited (Lessee) and extendable for 10 (ten) years in 2 (two) times subject to the approval of the Myanmar Investment Commission.

4. The annual rent for the land shall be US$ 23,269.45(United States Dollar twenty-three thousand, two hundred and sixty-nine and forty-five cent only), calculated at the rate of US$ 1.15 per square meter per year of the total land measuring 5 acres (20234.3 square meters). The rate of the rent shall be reviewed after every three years period and the rent shall be increased by 15% of the preceding annual rent.

5. In issuing this "Permit," the Commission has granted, the followings, exemptions and reliefs as per section 27 (a),(h),(i) and (k) of the Foreign Investment Law. Other exemptions and reliefs under section 27 shall have to be applied upon the actual performance of the project;

(a) As per section-27(a), income tax exemption for a period of five consecutive years including the year of commencement on commercial operation;

(b) As per section-27(h), exemption or relief from customs duty or other internal taxes or both on machinery, equipment, instrument, machinery components, spare parts and materials used in the business which are imported as they are actually required for use during period of construction of business;

(c) As per section-27(i), exemption or relief from customs duty or other internal taxes or both on raw materials imported for production for the first three-year after the completion of construction of business;

(d) As per section-27(k), exemption or relief from commercial tax on the goods produced for export;

6. East-West Seed (Myanmar) Company Limited shall have to sign the Land Lease Agreement with U Htein Win, Managing Director of Shwe Poe Kaung

Trading Company Limited. After signing the Agreement, (5) copies shall have to be forwarded to the Commission.

7. East-West Seed (Myanmar) Company Limited shall use its best efforts for timely realization of works stated in the Proposal. If none of such works has been commenced within one year from the date of issue of this "Permit" it shall become null and void.

8. East-West Seed (Myanmar) Company Limited has to abide by Chapter X, Rule 58 and 59 of the Foreign Investment Rules for construction period.

9. As per Chapter X, Rule 61 of the Foreign Investment Rules, extension of construction period shall not be granted more than twice except it is due to unavoidable events such as natural disasters, instabilities, riots, strikes, a State of emergency, insurgency and outbreak of wars.

10. As per Chapter X, Rule 63 of the Foreign Investment Rules, if East-West Seed (Myanmar) Company Limited cannot construct completely in time during the construction period or extension period, the Commission will have to withdraw the permit issued to the investor and there is no refund for the expenses of the project.

11. The investor or promoter shall apply the commencement date of commercial operation with Form (11) for their production of seeds and report to the Commission in accordance with Foreign Investment Rule 97.

12. East-West Seed (Myanmar) Company Limited shall endeavour to meet the targets for production and export stated in the proposal as the minimum target.

13. The Commission approves periodical appointments of foreign experts and technicians from abroad as per proposal and also in accordance with Chapter XI, section 24 and section 25 of the Foreign Investment Law and East-West Seed (Myanmar) Company Limited has to follow the existing Labour

Laws for the recruitment of staff and labour in accordance with Chapter XIII, Rule 84 of the Foreign Investment Rules.

14. In order to evaluate foreign capital and for the purpose of its registration in accordance with the provisions under Chapter XV, section 37 of the Foreign Investment Law, it is compulsory to report as early as possible in the following manner:-

(a) the amount of foreign currency brought into Myanmar, attached with the necessary documents issued by the respective bank where the account is opened and defined under Chapter XVI, Rules 134 and 135 of the Foreign Investment Rules;

(b) the detailed lists of the type and value of foreign capital defined under Chapter I, section-2(i) of the Foreign Investment Law, other than foreign currency.

15. Whenever East-West Seed (Myanmar) Company Limited brings in foreign capital defined under Chapter I, section-2(i) of the Foreign Investment Law, other than foreign currency in the manner of paragraph 14(b) mentioned above, the Inspection Certificate endorsed and issued by an internationally recognized Inspection Firm with regard to quantity, quality and price of imported materials shall have to be attached.

16. East-West Seed (Myanmar) Company Limited has the right to make account transfer and expend the foreign currency from his bank account in accordance with Chapter XVI, Rule 136 of the Foreign Investment Rules and for transfer of local currency generated from the business to the local currency account opened at the bank by a citizen or a citizen-owned business in the State and right to transfer back the equivalent amount of foreign currency from the foreign currency bank account of citizen or citizen-owned business by submitting the sufficient document in accordance with Chapter XVII, Rule 145 of the Foreign Investment Rules.

17. East-West Seed (Myanmar) Company Limited shall report to the Commission for any alteration in the physical and financial plan of the project. Cost overrun, over and above the investment amount pledged in both local and foreign currency shall have to be reported as early as possible.

18. East-West Seed (Myanmar) Company Limited shall be responsible for the preservation of the environment at and around the area of the project site. In addition to this, it shall carry out as per instructions made by Ministry of Environmental Conservation and Forestry in which to conduct an Environmental Management Plan (EMP) which describe the measure to be taken for preventing, mitigation and monitoring significant environmental impacts resulting from the implementation and operation of proposed project or business or activity has to be prepared and submitted and to perform activities in accordance with this EMP and be abided by the environmental policy, Environmental Conservation Law and other environmental related rules and procedures.

19. East-West Seed (Myanmar) Company Limited shall have to follow the Seed Law, rules, regulation and procedures of Department of Agriculture for seed production, Ministry of Agriculture & Irrigation.

20. After getting permit from Myanmar Investment Commission, East-West Seed (Myanmar) Company Limited shall have to be registered at the Directorate of Industrial Supervision and Inspection.

21. East-West Seed (Myanmar) Company Limited shall have to abide by the Fire Services Department's rules, regulations, directives and instructions. Moreover, fire prevention measures shall have to undertake such as water storage tank, fire extinguishers and provide training to use the fire fighting equipments and also to appoint fire safety officer.

22. Payment of principal and interest of the loan as well as payment for import of raw materials and spare parts etc., shall be made either out of the

local sales in Kyat currency and US$ or from export earnings of East-West Seed (Myanmar) Company Limited.

23. East-West Seed (Myanmar) Company Limited in consultation with Myanma Insurance, shall effect such types of insurance defined under Chapter XII, Rule 79 and 80 of the Foreign Investment Rules.

(Zay Yar Aung)

Chairman

East-West Seed (Myanmar) Company Limited

cc: 1. Office of the Union Government of the Republic of the Union of Myanmar
2. Ministry of Home Affairs
3. Ministry of Foreign Affairs
4. Ministry of Agriculture and Irrigation
5. Ministry of Environmental Conservation and Forestry
6. Ministry of Electric Power
7. Ministry of Immigration and Population
8. Ministry of Industry
9. Ministry of Commerce
10. Ministry of Finance
11. Ministry of National Planning and Economic Development
12. Ministry of Labour, Employment and Social Security
13. Central Bank of Myanmar
14. Office of the Yangon Region Government
15. Director General, Fire Service Department
16. Director General, Department of Agriculture

17. Director General, Department of Environmental Conservation
18. Director General, Forest Department
19. Director General, Immigration and National Registration Department
20. Director General, Directorate of Industrial Supervision and Inspection
21. Director General, Customs Department
22. Director General, Internal Revenue Department
23. Director General, Department of Trade
24. Director General, Directorate of Investment and Company Administration
25. Director General, Directorate of Labour
26. Managing Director, Myanma Electric Power Enterprise
27. Managing Director, Myanma Foreign Trade Bank
28. Managing Director, Myanma Investment and Commercial Bank
29. Managing Director, Myanma Insurance
30. Chairman, Republic of the Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI)

ကုမ္ပဏီအမည် - East-West Seed (Myanmar) Company Limited

လုပ်ငန်း - သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီး စိုက်ပျိုးရေးမျိုးစေ့များ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်း ကိစ္စ

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့် နေ့စွဲ	ပြန်ကြားချက် ရရှိသည့်နေ့စွဲ	မှတ်ချက်
၁	အဆိုပြုလွှာလက်ခံရရှိခြင်း	၂၇-၁၀-၂၀၁၅		
၂	သဘောထားမှတ်ချက်တောင်းခံခြင်း			
	(က) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့		၁၇-၁၂-၂၀၁၅	
	(ပထမအကြိမ်)	၁၁-၁၁-၂၀၁၅		
	(ဒုတိယအကြိမ်)	၂၃-၁၁-၂၀၁၅		
	(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန		၄-၁၂-၂၀၁၅	
	(ပထမအကြိမ်)	၁၁-၁၁-၂၀၁၅		
	(ဒုတိယအကြိမ်)	၂၃-၁၁-၂၀၁၅		
	(ဂ) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန		၇-၁-၂၀၁၆	
	(ပထမအကြိမ်)	၁၁-၁၁-၂၀၁၅		
	(ဒုတိယအကြိမ်)	၂၃-၁၁-၂၀၁၅		
	(ဃ) စက်မှုဝန်ကြီးဌာန		၂၅-၁၁-၂၀၁၅	
	(ပထမအကြိမ်)	၁၁-၁၁-၂၀၁၅		
	(ဒုတိယအကြိမ်)	၂၃-၁၁-၂၀၁၅		
	(င) ညောင်နှစ်ပင်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါးမွေးမြူရေး အထူးဇုန်ကြီးကြပ်မှု ဗဟိုကော်မတီ	၁၂-၁-၂၀၁၆	၄-၂-၂၀၁၆	
	(စ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်	၁၂-၁-၂၀၁၆	၅-၂-၂၀၁၆	
၃	PAT တင်ပြခြင်း	၄၀၂၀၁၅ ၂-၁၁-၂၀၁၅		
၄	PAT လက်ခံကြောင်းပြန်ကြားခြင်း	၁၁-၁၁-၂၀၁၅		
၃	မြေအသုံးပြုခွင့် တင်ပြခြင်း			
	(က) ကော်မရှင်အစည်းအဝေးသို့ တင်ပြခြင်း	၅/၂၀၁၆ (၁၅-၂-၂၀၁၆)		

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့် နေ့စွဲ	ပြန်ကြားချက်ရရှိသည့်နေ့စွဲ	မှတ်ချက်
	(ခ) စီးပွားရေးရာကော်မတီ အစည်းအဝေးသို့ တင်ပြခြင်း	တင်ပြထားဆဲ		
	MIC အစည်းအဝေးသို့ တင်ပြရန် ကုမ္ပဏီမှ အဆိုပြုလွှာ (၁၀)စုံ လက်ခံရရှိခြင်း	၈-၃-၂၀၁၆		
	စုစုပေါင်းကြာမြင့်ချိန်	**၁၃၃ ရက်**		

ကန့်သတ်

၃

ကုမ္ပဏီအမည်	- East-West Seed (Myanmar) Company Limited
အဖွဲ့အစည်းပုံသဏ္ဌာန်	- ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား	- သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များဆောင်ရွက်ပြီး စိုက်ပျိုးရေး မျိုးစေ့များထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း
တည်နေရာ	- ကွင်းအမှတ် (၅၁၁-ခ)နှင့် (၅၁၉-က)၊ ညောင်နှစ်ပင်ကျေးရွာ အုပ်စု၊ မှော်ဘီမြို့နယ် နှင့် ကွင်းအမှတ် (၉၈၇)၊ ကြာအင်းအုပ်စု၊ ကွင်းအမှတ် (၉၇၇)၊ ကလီထော်အနောက် ကျေးရွာအုပ်စု၊ လှည်းကူးမြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး ရှိ စုစုပေါင်းမြေဧရိယာ (၅) ဧက
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	- အမေရိကန်ဒေါ်လာ ၆.၀၀ သန်း
အရင်းကြေကာလ	- ၇ နှစ်
IRR	- ၁၅%

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစုတင်ပြအပ်ပါသည်-

စဉ်	အကြောင်းအရာ	Cost (ကျပ်သန်း)	Benefit (ကျပ်သန်း)
၁	နိုင်ငံ့ဝန်ထမ်းလစာ(တစ်နှစ်)	၁.၆၈၀	
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး		၁.၁၆၅
၃	သွင်းကုန်အခွန်ကင်းလွတ်ခွင့်	၃၅၀.၀၀၀	-
၄	ဝင်ငွေခွန်	၆၄၅.၀၀၀	၆၉၂၄.၀၀
၅	လျှပ်စစ်မီးသုံးစွဲခ		၂၅၂.၀၀
၆	လုပ်ခလစာအပေါ်ဝင်ငွေခွန်		၁၈.၀၀၀
၇	CSR (၂%)		၅၀.၂၆၅
၈	အလုပ်အကိုင်အခွင့်အလမ်း		ပြည်တွင်းဝန်ထမ်း ၈၅ ဦး အလုပ်အကိုင် ရရှိမည်ဖြစ်ပါသည်။
	စုစုပေါင်း	၁၉၉၃.၃၆	၇၂၄၅.၄၃
၉	Cost : Benefit	၁ : ၄	

အကြောင်းအရာ။ ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် East-West Seed (Myanmar) Company Limited တည်ထောင်၍ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီး စိုက်ပျိုးရေးမျိုးစေ့များ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြ လာခြင်းကိစ္စ

၁။	ကုမ္ပဏီအမည်/	- East-West Seed International Co., Ltd.
	ကမကထပြုသူ	- Mr. Kittitouch Pattanakittipong (Thailand)
	အဖွဲ့အစည်းပုံသဏ္ဌာန်	- ရာခိုင်နှုန်းပြည့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု East-West Seed ROH Ltd. (၉၉%) (ထိုင်းနိုင်ငံ) East-West Seed International B.V (၁%) (နယ်သာလန်နိုင်ငံ)
	လုပ်ငန်းအမျိုးအစား	- သုတေသနနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ပြီး စိုက်ပျိုးရေး မျိုးစေ့များ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်း
၂။	တည်နေရာ	- ကွင်းအမှတ် (၅၁၁-ခ)နှင့် (၅၁၉-က)၊ ညောင်နှစ်ပင် ကျေးရွာအုပ်စု၊ မှော်ဘီမြို့နယ် နှင့် ကွင်းအမှတ် (၉၈၇)၊ ကြာအင်းအုပ်စု၊ ကွင်းအမှတ် (၉၇၇)၊ ကလီထော်အနောက် ကျေးရွာအုပ်စု၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
	မြေပိုင်ရှင်	- ဦးထိန်ဝင်း၊ အုပ်ချုပ်မှုဒါရိုက်တာ (ရွှေပိုးကောင်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်)
	မြေအကျယ်အဝန်း	- ၅ ဧက (၂၀၂၃၄.၃၀ စတုရန်းမီတာ)
၃။	မြေ ငှားရမ်းခနှုန်း	- တစ်နှစ်လျှင် US$ ၂၃,၂၆၉.၄၅ (တစ်စတုရန်းမီတာလျှင် US$ ၁.၁၅)
	မြေငှားရမ်းကာလ	- ကနဦး ၃၀ နှစ် နှင့် ၁၀ နှစ် ၂ ကြိမ်
	လုပ်ငန်းသက်တမ်း	- ကနဦး ၃၀ နှစ် နှင့် ၁၀ နှစ်ကြိမ်
၄။	တည်ဆောက်ရေးကာလ	- ၂၄ လ

၅။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ထည့်ဝင်သည့်အမျိုးအစား	- US$ ၆.၀၀ သန်း (US$ သန်းပေါင်း) စုစုပေါင်း ငွေသား ၀.၇၉ ချေးငွေ ၁.၀၀ စက်ပစ္စည်း ၃.၆၂ ကုန်ကြမ်း ၀.၅၉ စုစုပေါင်း ၆.၀၀
၆။	ပြည်ပမှ အခွန်အကောက်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းလိုသည့် စက်ပစ္စည်းများ	- ပြည်ပမှ တင်သွင်းမည့် စက်ပစ္စည်းများကိုတင်ပြထားပါသည်။
၇။	ဝန်ထမ်းအင်အား ပြည်တွင်း ပြည်ပ	- ၈၉ ဦး - ၈၄ ဦး - ၅ ဦး (ပြည်တွင်း ဝန်ထမ်းတစ်ဦး၏ အမြင့်ဆုံး လစာမှာ US$ ၁,၀၀၀ ဖြစ်ပြီး အနိမ့်ဆုံး လစာ US$ ၁၅၀ ဖြစ်ပါသည်။ ပြည်ပ ဝန်ထမ်း တစ်ဦး၏ အမြင့်ဆုံး လစာမှာ US$ ၁၅,၀၀၀ ဖြစ်ပြီး အနိမ့်ဆုံး လစာ US$ ၂,၅၀၀ ဖြစ်ပါသည်။)
၈။	ရောင်းချမည့်စနစ်	- ပြည်တွင်း ၇၀ %၊ ပြည်ပ ၃၀ %
၉။	ကုမ္ပဏီ၏ (ဆဋ္ဌမမြောက်နှစ်) ဝင်ငွေ အသုံးစရိတ် အသားတင်အမြတ်	 - US $ ၈.၈၀ သန်း - US $ ၈.၁၁ သန်း - US $ ၀.၆၉ သန်း
၁၀။	နိုင်ငံတော်မှရရှိမည့်အကျိုးအမြတ် (ဆဋ္ဌမမြောက်နှစ်) ဝင်ငွေခွန် အရင်းကြေကာလ အရင်းအနှီးအပေါ်အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR)	 - US $ ၀.၂၃ သန်း - ၇ နှစ် - ၁၅%

<table>
<tr><td>၁၁။</td><td>လျှပ်စစ်ဓါတ်အားသုံးစွဲမှု
(ဆဋ္ဌမမြောက်နှစ်)</td><td>- ၃၄၄,၆၉၀ kWh</td></tr>
<tr><td>၁၂။</td><td>နှစ်စဉ်ထုတ်လုပ်မှု
(ဆဋ္ဌမ မြောက်နှစ်)</td><td>
<table>
<tr><td>စဉ်</td><td>ပစ္စည်း အမျိုးအစား</td><td>အရေအတွက် တန်(in thousand)</td><td></td><td>ရောင်းဈေးနှုန်း (US$/ Ton)</td><td></td></tr>
<tr><td></td><td></td><td>ပြည်တွင်း</td><td>ပြည်ပ</td><td>ပြည်တွင်း</td><td>ပြည်ပ</td></tr>
<tr><td>(က)</td><td>Vegetable Seed</td><td>၂၆၂.၃၀</td><td>၁၁၂.၄၂</td><td>၂၃,၁၈၃</td><td>၂၃,၁၈၃</td></tr>
<tr><td>(ခ)</td><td>Fruit Seed</td><td>၀.၃၁</td><td>၀.၁၃</td><td>၂၁၉,၇၆၄</td><td>၂၁၉,၇၆၄</td></tr>
</table>
</td></tr>
<tr><td>၁၃။</td><td>အခြားတင်ပြချက်</td><td>- စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၆.၀၀ သန်း အနက် အမေရိကန်ဒေါ်လာ ၁.၀၀ သန်း အား ချေးငွေ ရယူမည်ဖြစ်ပါသည်။ အဆိုပါချေးငွေကို East-West International BV Company (နယ်သာလန်နိုင်ငံ) မှ ချေးယူမည်ဖြစ်ပြီး အတိုးနှုန်း မှာ ၂% ဖြစ်ပါသည်။
- မြေပိုင်ရှင် အုပ်ချုပ်မှုဒါရိုက်တာ ဦးထိန်ဝင်း(ရွှေပိုကောင်း ရောင်းဝယ်ရေးကုမ္ပဏီ) နှင့် East West Seed (Myanmar) Company Limited တို့ချုပ်ဆိုမည့် မြေငှားစာချုပ် (မူကြမ်း)၊ East West Seed (Myanmar) Company Limited နှင့် East-West International BV Company (နယ်သာလန်နိုင်ငံ) တို့အကြား ချုပ်ဆို မည့် Loan Agreement (မူကြမ်း) တို့ကို တင်ပြထားပါသည်။
- မြေအထောက်အထား နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါးမွေးမြူရေး အထူးစုန် ကြီးကြပ်မှုဗဟိုကော်မတီမှ ဒါရိုက်တာ ဦးထိန်ဝင်း (ရွှေပို ကောင်းရောင်းဝယ်ရေး ကုမ္ပဏီ)သို့ လုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်စာ၊ မြေအဆင့်ဆင့် လွှဲပြောင်းမှု၊ ငွေသွင်းချလံ အထောက်အထားများ တင်ပြထားပါသည်။
- ရင်းနှီးမြှုပ်နှံသူများ၏ Passport (မိတ္တူ) များနှင့် နိုင်ငံသား စိစစ်ရေးကဒ် (မိတ္တူ) တို့အား တင်ပြထားပါသည်။</td></tr>
</table>

		- ငွေကြေးအထောက် အထားအဖြစ် East-West International BVအမည်ဖြင့် နယ်သာလန်နိုင်ငံ Artesia Bank တွင် (၁-၈-၂၀၁၄) နေ့စွဲဖြင့် အမေရိကန်ဒေါ်လာ ၁,၈၇၂,၇၄၀,၈၅ ရှိကြောင်း နှင့် HSBC Bangkok Branch တွင် East-West Seed ROH LTD အမည်ဖြင့် (၃၁-၈-၂၀၁၅)နေ့စွဲဖြင့်အမေရိကန်ဒေါ်လာ ၁၁,၂၂၂,၁၉၉.၂၄ ရှိကြောင်းတင်ပြထားပါသည်။ တင်ပြထားပါသည်။ - East-West Seed ROH Ltd. အမည်ဖြင့် ထိုင်းနိုင်ငံတွင် ဖွဲ့စည်း မှတ်ပုံတင်ထားကြောင်း အထောက်အထား၊ နယ်သာလန်နိုင်ငံ East-West International BV Company မှတ်ပုံ တင်ထားကြောင်း အထောက်အထား၊ MOA, AOA တင်ပြ ထားပါသည်။ - အမေရိကန် တစ်ဒေါ်လာလျှင် ၁၂၀၀ ကျပ်နှုန်းဖြင့် တွက်ချက် တင်ပြထားပါသည်။ - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားခြင်းဖြစ်ပါသည်။ - မြေအထောက်အထား နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့၊ ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါးမွေးမြူရေး အထူးဇုန် ကြီးကြပ်မှုဗဟိုကော်မတီမှ ဒါရိုက်တာ ဦးထိန်ဝင်း (ရွှေပိုကောင်းရောင်းဝယ်ရေး ကုမ္ပဏီ)သို့ လုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်စာ၊ မြေအဆင့်ဆင့်လွှဲပြောင်းမှု၊ ငွေသွင်းချလံ အထောက်အထားများ တင်ပြထားပါသည်။ - မြေကိစ္စ နှင့်စပ်လျဉ်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပသော (၅ /၂၀၁၆) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပြီး စီးပွားရေးရာကော်မတီ အစည်းအဝေးသို့ တင်ပြထားဆဲဖြစ်ပါသည်
၁၄။	စိစစ်တင်ပြချက်	- အဆိုပြုလုပ်ငန်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

		၏အမိန့်ကြော်ငြာစာ(၄၉/၂၀၁၄) အရ မြန်မာနိုင်ငံသားများနှင့်သာ ဖက်စပ်ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နိုင်သည့် လုပ်ငန်းအမျိုးအစားမှ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဆောင်ရွက်နိုင်သည့် လုပ်ငန်း အမျိုးအစားအဖြစ် ပြောင်းလဲသတ်မှတ်ခွင့်ပြုပါရန်ကိစ္စအား ပြည်ထောင်စုအစိုးရအဖွဲ့၏(၈/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြထားပါသည်။ - နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါက ခွင့်ပြုပေးနိုင်မည်ဖြစ်ပါသည်။

၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ရက-၂/ န-၁၃၇/၂၀၁၆ (၂၈)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် မတ်လ ၈ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့
တင်ပြသည့်အမှာစာ

အကြောင်းအရာ။ **ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် East West Seed (Myanmar) Company Limited မှ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီး စိုက်ပျိုးရေးမျိုးစေ့များ ထုတ်လုပ်ခြင်း နှင့် ရောင်းချခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်း ကိစ္စ**

၁။ ထိုင်းနိုင်ငံ East-West Seed ROH Ltd.မှ ၉၉% နှင့် နယ်သာလန်နိုင်ငံ East-West Seed International B.V မှ ၁% အစုရှယ်ယာများ ထည့်ဝင်၍ မြန်မာနိုင်ငံတွင် East West Seed (Myanmar) Company Limited တည်ထောင်ကာ ရာနှုန်းပြည့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၁၁-ခ)နှင့် (၅၁၉-က)၊ လှည်းကူးမြို့နယ်၊ ကြာအင်းအုပ်စု၊ ကွင်းအမှတ်(၉၈၇) နှင့် ကလီထော် အနောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉၇၇) ရှိ စုစုပေါင်း မြေဧရိယာ ၅ ဧကကို ငှားရမ်းကာ သုတေသနနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များဆောင်ရွက်ပြီး စိုက်ပျိုးရေးမျိုးစေ့များ ထုတ်လုပ်ခြင်းနှင့်ရောင်းချခြင်းလုပ်ငန်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုတင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့်အတူ မြေပိုင်ရှင် ဦးထိန်ဝင်း၊ အုပ်ချုပ်မှုဒါရိုက်တာ (ရွှေပိုးကောင် ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်) နှင့် East West Seed (Myanmar) Company Limited တို့ကြား ချုပ်ဆိုမည့်မြေငှားရမ်းစာချုပ် (မူကြမ်း) ၊ မြေအထောက်အထားများ၊ East West Seed (Myanmar) Company Limited နှင့် East-West International BV Company (နယ်သာလန်နိုင်ငံ) တို့အကြား ချုပ်ဆိုမည့် ချေးငွေစာချုပ် (မူကြမ်း) တို့ကို တင်ပြထားပါသည်။

၃။ လုပ်ငန်း ဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင် ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၁၁-ခ)နှင့် (၅၁၉-က)၊ လှည်းကူးမြို့နယ်၊ ကြာအင်းအုပ်စု၊ ကွင်းအမှတ်

(၉၈၇) နှင့် ကလီထော် အနောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉၇၇)ရှိ စုစုပေါင်း မြေဧရိယာ ၅ ဧက (၂၀၂၃၄.၃ စတုရန်းမီတာ)အား တစ်နှစ်ငှားရမ်းခ US$ ၂၃,၂၆၉.၄၅ ရရှိမည် ဖြစ်ပါသည်။

၄။ တည်ဆောက်ရေးကာလမှာ ၂၄ လ ဖြစ်ပါသည်။

၅။ လုပ်ငန်း၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပုံစံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

		US$ (သန်း)
		စုစုပေါင်း
(က)	ငွေသား	၀.၇၉
(ခ)	ချေးငွေ	၁.၀၀
(ဂ)	စက်ပစ္စည်း	၃.၆၂
(ဃ)	ကုန်ကြမ်း	၀.၅၉
	စုစုပေါင်း	၆.၀၀

၆။ သုတေသနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ပြီး စိုက်ပျိုးရေး မျိုးစေ့များ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်း ဆောင်ရွက်ရန်အတွက် ပြည်တွင်း ဝန်ထမ်း(၈၅)ဦး နှင့် ပြည်ပ (၄)ဦး ခန့်ထားမည်ဖြစ်ပါသည်။ ပြည်တွင်း ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံး လစာမှာ US$ ၁၅၀ ဖြစ်ပြီး အမြင့်ဆုံးလစာမှာ US$ ၁,၀၀၀ ဖြစ်ပါသည်။ ပြည်ပ ဝန်ထမ်း တစ်ဦး၏ အနိမ့်ဆုံး လစာမှာ US$ ၂,၅၀၀ ဖြစ်ပြီး အမြင့်ဆုံးလစာမှာ US$ ၁၅,၀၀၀ ဖြစ်ပါသည်။

၇။ အဆိုပြုလုပ်ငန်းမှ ထုတ်ကုန်များကို ပြည်တွင်း၌ ၇၀% ရောင်းချမည်ဖြစ်ပြီး ပြည်ပသို့ ၃၀% တင်ပို့ရောင်းချမည် ဖြစ်ပါသည်။ ပုံမှန်နှစ် (ဆဋ္ဌမမြောက်နှစ်) ထုတ်လုပ်မှု နှင့် ရောင်းချမှု ဈေးနှုန်းမှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	ပစ္စည်း အမျိုးအစား	အရေအတွက် တန်(in thousand)		ရောင်းဈေးနှုန်း (US$/ Ton)	
		ပြည်တွင်း	ပြည်ပ	ပြည်တွင်း	ပြည်ပ
(က)	Vegetable Seed	၂၆၂.၃၀	၁၁၂.၄၂	၂၃,၁၈၃	၂၃,၁၈၃
(ခ)	Fruit Seed	၀.၃၀	၀.၁၃	၂၁၉,၇၉၄	၂၁၉,၇၉၄

၈။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် (ဆဋ္ဌမမြောက်နှစ်) တွင် ကုမ္ပဏီမှ ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါသည်-

		US$ (သန်း)
(က)	ဝင်ငွေ	- ၈.၈၀
(ခ)	အသုံးစရိတ်	- ၈.၁၁
(ဂ)	အသားတင်အမြတ်	- ၀.၆၉

၉။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ (ဆဋ္ဌမမြောက်နှစ်)တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ဝင်ငွေခွန် အမေရိကန်ဒေါ်လာ ၀.၂၃ သန်း ဖြစ်ပါသည်။ လုပ်ငန်း၏ အရင်းကြေကာလမှာ ၇ နှစ် ဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) မှာ ၁၅% ဖြစ်ပါသည်။ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ၁၂၀၀ ကျပ်နှုန်းဖြင့် တွက်ချက်ထားပါသည်။

၁၀။ အဆိုပြုလုပ်ငန်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ သဘောထားများ တောင်းခံခဲ့ရာ အောက်ပါအတိုင်း ပြန်ကြားလာပါသည် -

(က) **ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ** အဆိုပါ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် မြေနေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်)လက်ရှိ မြို့ပြစီမံကိန်းကို ထိခိုက်နိုင်ခြင်းမရှိပါကြောင်း၊ အဆိုပြုလုပ်ငန်းလုပ်ကိုင်ပါက ပြည်တွင်း လုပ်သားအင်အား (၈၄)ဦးနှင့် ပြည်ပလုပ်သားအင်အား (၅)ဦး အလုပ်အကိုင်ရရှိမည်ဖြစ်သောကြောင့် မြို့နယ်ဒေသ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေပါကြောင်း၊ အဆိုပြုလုပ်ငန်း လုပ်ကိုင်ရန် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကြာအင်းအုပ်စု၊ ကွင်းအမှတ် (၉၈၇)၊ ကလီထော် အနောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉၇၇) နှင့် မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင် ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၁၁-ခ)နှင့် (၅၁၉-က)ရှိ စုစုပေါင်း မြေဧရိယာ ၅ ဧကအား တစ်နှစ်အတွက် တစ်စတုရန်းမီတာလျှင် ၁.၁၅ US$ နှုန်းဖြင့် ကနဦး ၅၀ နှစ် (၂၀၁၅ ခုနှစ်မှ ၂၀၆၅ ခုနှစ် အထိ) ငှားရမ်းဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါကြောင်း၊ လုပ်ငန်းဆောင်ရွက်နိုင်သည့် မြေနေရာဖြစ်ပြီး အဆိုပြုလုပ်ငန်း လုပ်ကိုင်ရာတွင် သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှု မရှိစေရန် စီမံဆောင်ရွက်မည်ဟု တင်ပြထားပါကြောင်း၊(၁၀-၁၂-၂၀၁၅)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၅၆/၂၀၁၅) ဆုံးဖြတ်ချက် အပိုဒ်(၂၂)အရ

ကန့်ကွက်ရန် မရှိပါကြောင်း သဘောထားမှတ်ချက် ပြန်ကြား ထားပါသည်။
(နောက်ဆက်တွဲ - က)

(ခ) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မှ လုပ်ငန်းဆောင်ရွက်မည့် မြေနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါးမွေးမြူရေးအထူးဇုန်ကြီးကြပ်မှု ဗဟိုကော်မတီမှ စည်းကမ်းချက်များ သတ်မှတ်ချထားပေးခဲ့ခြင်း ဖြစ်သည်ကို တွေ့ရှိရသည့်အတွက် မြေအသုံးချမှုနှင့် စပ်လျဉ်း၍ အထူးဇုန်ကြီးကြပ်မှု ဗဟိုကော်မတီ၏ သဘောထား ရယူဆောင်ရွက်သင့်ပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားထားပါသည်။ (နောက်ဆက်တွဲ - ခ)

(ဂ) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါးမွေးမြူရေးအထူးဇုန်ကြီးကြပ်မှု ဗဟိုကော်မတီ မှ အဆိုပြုတင်ပြလာသည့် လုပ်ငန်းနှင့် ပတ်သက်၍ သဘောတူကြောင်း သဘောထားမှတ်ချက် ပြန်ကြားထားပါသည်။ (နောက်ဆက်တွဲ-ဂ)

(ဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မှ အဆိုပြုလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် ကိစ္စနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားထားပါသည်-

(၁) အဆိုပြုလုပ်ငန်း ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင် နှင့် လူမှုရေးထိခိုက်ပျက်စီးမှုများ လျော့နည်းစေရေးအတွက် လုပ်ငန်း စီမံချက်များ ရေးဆွဲချမှတ်ခြင်း၊ ထုတ်လုပ်ခြင်းလုပ်ငန်း အဆင့်ဆင့်တွင် စီမံကိန်းဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာ ဖော်ပြပြီး အဆိုပြုလွှာတွင် ပါဝင်သည့် လူမှုရေးဆိုင်ရာ တာဝန်ခံမှု (CSR) လုပ်ငန်းများအတွက် အသားတင်အမြတ်ငွေ၏ ၂ % အား အသုံးပြုခြင်းတို့အပါအဝင် ကတိ ကဝတ်များ၊ လုပ်ငန်းစီမံချက် များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၂) လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ကို ထိခိုက်မှု အနည်းဆုံး ဖြစ်စေမည့် ထုတ်လုပ်မှုနည်းပညာများ၊ လုပ်ငန်းအစီအစဉ်၊ ပတ်ဝန်းကျင် ထိခိုက်မှုလျော့ပါးရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့် ရန်ပုံငွေ စသည်တို့ ပါဝင်သည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan- EMP) ရေးဆွဲတင်ပြရန်နှင့် အစီရင်ခံစာအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၃) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာ ကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၄) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံ ပြည်သူများ၏ ဆန္ဒနှင့် သဘောထားမှတ်ချက် ရယူဆောင်ရွက်ရန်၊

(နောက်ဆက်တွဲ-ဃ)

(င) **စက်မှုဝန်ကြီးဌာနမှ** ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံပြီး စိုက်ပျိုးရေးမျိုးစေ့များ ထုတ်လုပ်ခြင်းနှင့် ပြည်တွင်းပြည်ပ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ လျှပ်စစ်သွယ်တန်းအသုံးပြုမှုကို လျှပ်စစ် ဥပဒေနှင့်အညီ အသုံးမပြုမီ စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မီးဘေး အန္တရာယ်ကင်းဝေးစေရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပေါ်စေရေးတို့ အတွက် သက်ဆိုင်ရာ ဌာနများ၏ စိစစ်ချက်ဖြင့် စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပုဂ္ဂလိက စက်မှုလုပ်ငန်း ဥပဒေနှင့်အညီ စက်မှုမှတ်ပုံတင် လျှောက်ထား ဆောင်ရွက်ရန် လိုအပ်ပါကြောင်း သဘောထားမှတ်ချက် ပြန်ကြား ထားပါသည်။

(နောက်ဆက်တွဲ - င)

(စ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အဆိုပြုတင်ပြလာသည့် ချေးငွေ၏ terms and conditions များမှာ ဘောင်ဝင်သော်လည်း ကုမ္ပဏီအနေဖြင့် မတည်ငွေရင်း equity ၅ သန်းအနက် အနည်းဆုံး ၅၀ % ယူဆောင်လာပြီးမှသာ ချေးငွေအား ခွင့်ပြုနိုင်မည်ဖြစ်ပါကြောင်း သဘောထားပြန်ကြားထားပါသည်။

(နောက်ဆက်တွဲ - စ)

၁၁။ ငွေရေးကြေးရေး အထောက်အထားအဖြစ် East-West International BV အမည်ဖြင့် နယ်သာလန်နိုင်ငံ Artesia Bank တွင် (၁-၈-၂၀၁၄) နေ့စွဲဖြင့် အမေရိကန် ဒေါ်လာ ၁,၈၇၂,၇၄၀,၈၅ ရှိကြောင်း၊ HSBC Bangkok Branch တွင် East-West Seed ROH LTD အမည်ဖြင့်(၃၁-၈-၂၀၁၅) နေ့စွဲဖြင့် အမေရိကန် ဒေါ်လာ ၁၁,၂၂၂,၁၉၉.၂၄ ရှိကြောင်းတင်ပြထားပါသည်။ ဒါရိုက်တာ အဖွဲ့ဝင်များ၏ Passport မိတ္တူများ တင်ပြထား ပါသည်။

၁၂။ East West Seed (Myanmar) Company Limited မှ ကုမ္ပဏီဆိုင်ရာ အချက်အလက်များ၊ ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်၊ လုပ်ငန်းတွင် အသုံးပြုမည့် စက်ပစ္စည်းများ၊ စိုက်ပျိုးထုတ်လုပ်ရာတွင် အသုံးပြုမည့် ပစ္စည်းနမူနာပုံများ၊ စိုက်ပျိုးမည့် မျိုးစေ့များ နမူနာပုံ၊ လျှပ်စစ်ဓါတ်အား ရယူသုံးစွဲမည့်အစီအစဉ်၊ မီးဘေးကြိုတင် ကာကွယ်ရေး စီမံချက်၊ ပတ်ဝန်းကျင်

ထိန်းသိမ်းရေးနှင့် သန့်ရှင်းသာယာရေး စီမံချက်အစီအစဉ်၊ လုပ်ငန်းခွင် သာယာရေးအတွက် ဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေးနှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှု၊ ဝန်ထမ်းများအတွက် ကျန်းမာရေး၊ လူမှုရေးစောင့်ရှောက်ထားရှိမည့် အစီအစဉ်များ ကတိ ဝန်ခံချက်တို့ကို တင်ပြထားပါသည်။

၁၃။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း (၁၂)၊ ပုဒ်မ ၂၇ အရ အခွန်အကောက် ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်များကို တင်ပြ လျှောက်ထားလျှင် ခွင့်ပြုနိုင်မည် ဖြစ်ပါ သည်။

၁၄။ အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ၄၀/၂၀၁၅ (၂-၁၁-၂၀၁၅) အစည်းအဝေးသို့ တင်ပြခဲ့ ပါသည်။

၁၅။ **စိစစ်တင်ပြချက်**

(က) အဆိုပြုလုပ်ငန်းအား မြန်မာနိုင်ငံသားများနှင့်သာ ဖက်စပ်ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်သည့် လုပ်ငန်းအမျိုးအစားမှ ရာခိုင်နှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်သည့် လုပ်ငန်းအမျိုး အစားအဖြစ် ပြောင်းလဲသတ်မှတ်ခွင့် ပြုပါရန် ကိစ္စအား ပြည်ထောင်စုအစိုးရအဖွဲ့၏(၈/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြထားပါသည်။

(ခ) နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေပါ အခွန်ဆိုင်ရာ ကင်း လွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက် ထားလာပါက ခွင့်ပြုပေးနိုင်မည် ဖြစ်ပါသည်။

(ဂ) မြေအထောက်အထား နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် စိုက်ပျိုး ထုတ်လုပ်ရေးနှင့် ကြက်/ငါးမွေးမြူရေး အထူးဇုန် ကြီးကြပ်မှုဗဟိုကော်မတီမှ ဒါရိုက်တာ ဦးထိန်ဝင်း (ရွှေပိုကောင်း ရောင်းဝယ်ရေး ကုမ္ပဏီ)သို့ လုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်စာ၊ မြေအဆင့်ဆင့် လွှဲပြောင်း အထောက်အထားနှင့် ငွေသွင်းချလံ အထောက်အထားများ တင်ပြထားပါသည်။

(ဃ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ပုဂ္ဂလိက မြေတွင် ၄ားရမ်း ဆောင်ရွက်ခွင့်ပြုရန်ကိစ္စကို ကော်မရှင်၏ ၅/၂၀၁၆ (၁၅-၂-၂၀၁၆) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြထားပြီး စီးပွားရေးရာကော်မတီ အစည်းအဝေးနှင့် ပြည်ထောင်စု အစိုးရအဖွဲ့၏အစည်းအဝေးသို့ တင်ပြရန် ဆောင်ရွက်လျက်ရှိပါသည်။

ဆုံးဖြတ်ရန်အချက်

၁၆။ ရခိုင်နှန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် East West Seed (Myanmar) Company Limited မှ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီး စိုက်ပျိုးရေးမျိုးစေ့များ ထုတ်လုပ်ခြင်း နှင့် ရောင်းချခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြု တင်ပြလာခြင်းအပေါ် ခွင့်ပြုရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ (ကိုယ်စား)
(အောင်နိုင်ဦး၊ အတွင်းရေးမှူး)

မိတ္တူကို
ရုံးလက်ခံ/မျှောစာတွဲ